သင့်ခြင်းစကား
ဝိညာဉ်ရေးဂျာနယ်စာစောင်

ငါသိုးမသော စကားကို နားထောင်၍ ပြောင်းလဲကြလော့။
ငါ့ဝိညာဉ်ကို သင်တို့အပေါ်သို့ ငါသွန်းလောင်း၍၊ ငါ့စကား၏
အနက် အဓိပ္ပါယ် ကိုနားလည်စေမည်။ သုတ္တံကျမ်း ၁း၂၃

အမှတ်စဉ် ( ၆ ) ဖေဖော်ဝါရီလ ၂၀၀၂ ခုနှစ် ဓမ္မဒါန

ဆောင်းပါး

# ကျွန်ုပ်တို့သိသောယောက်ျားများအကြောင်း



**မိန်းမ အကြောင်းရေးထားသော ဆောင်းပါးများကို သင်ဖတ်ရှုဖူးပါသလား။ မိန်းမကောင်း၊ မိန်းမယုတ်၊ မိန်းမမြတ်များ အကြောင်းရေးထားသော** စာမူများကို စာရေးသူ ဖတ်ရှုခဲ့ဖူးပါသည်။ ထို့ကြောင့် စာရေးသူလဲ ယောက်ျားများ အကြောင်းကို တူးဆွထုတ်ဖော်၍ တန်ပြန်ရေးသားရန် ဆန္ဒရှိလာသောကြောင့် အချိန်များစွာယူ၍ လေ့လာခဲ့ပါသည်။ စာရေးသူ၏ ဦးနှောက်သေးသေးလေးမှ ကျယ်ပြန့်သောအတွေးများစွာဖြင့် ရှာဖွေတွေ့ရှိခဲ့သော ယောက်ျားများအကြောင်းကို လက်ဆင့်ကမ်း ဝေငှပေးလိုက်ပါသည်။ ယောက်ျားများအကြောင်းကို အပိုင်း ၄ ပိုင်းခွဲ၍ တင်ပြပါမည်။

(၁) **ဘဝင်မြင့်သော ယောက်ျား** ––– 'လူနေတော့ ချုံကြား၊ စိတ်နေတော့ ဘုံဖျား' ဆိုသော စကားပုံအတိုင်း အချို့ယောက်ျားများသည်၊ လူ့အောက်ကျို့မခံချင်ကြပေ။ သူကသာလျှင် လူတကာ၏ အရေးပေးမှုကို ခံချင်ကြသည်။ မိမိလုပ်သော ကောင်းမှုတစ်ခုခုကို လူတကာ သိစေချင်သည်၊ မိမိ၏ လက်ရှိချို့ယွင်းနေသော အခြေအနေကို မေ့၍ ဟန်ဆောင်ကာ ဟိတ်ဟန်နှင့် နေတတ်သည်။ အကူအညီလိုသောသူအား ကူညီလိုသော်လဲ 'မြိမ်း၍ မရွာသောမိုး' ကဲ့သို့ ကိုယ်ထိလက်ရောက် ကူညီရန် ဝန်လေးတတ်သည်။ ကိုယ့်ထက်သာသူကိုလည်း မနာလိုတတ်သောစိတ်ရှိပါသည်။ အပြင်ပန်းလှ၍ အတွင်းပုပ်သော 'ကျီးအာသီး' နှင့် တူပါသည်။

*** ထိုသူသည်၊ သမ္မာကျမ်းထဲမှ ရှောလုမင်း နှင့် သဏ္ဍာန်တူပါသည်။ "ရှောလု အထောင်ထောင်၊ ဒါဝိဒ် အသောင်းသောင်း" ဟူသော ပရိတ်သတ်ချီးမွမ်းစကားကြောင့် သိုးကျောင်းသား ဒါဝိဒ် အား မနာလိုသဝန်တို၍ ရန်ငြိုးထားခဲ့သည်။ မိမိ စစ်ရှုံးနေသော အခြေအနေမှာပင် သူတပါးအား အောက်ကျို့ ရမည်ကို ဝန်လေးနေခဲ့သည်။ ဒါဝိဒ် အားအကောက်ကြံခဲ့သည်၊ 'ငါဟာ ခေသူမဟုတ်၊ ငါဟာ ဘုရင်ဘဲ' ဟူသော အတ္တကြောင့် ဘဝင်မြင့်ခဲ့သည်။ သူတပါးရှေ့တွင်ဒူးထောက်ခစားရမည်ကို ရှက်သောကြောင့် မိမိ ကိုယ်ကိုအဆုံးစီရင်ခဲ့သည်။ ငါ တည်းဟူသော အတ္တ ကိုရှေ့တန်းတင်တတ်သည့် ယောက်ျားလေးများ သတိထားပါ။ ဘဝင်မြင့်မှုကြောင့် အောက်ခြေလွတ်နိုင်သကဲ့သို့ လူမှုဆက်ဆံရေး အပိုင်းတွင် အဆင်မပြေမှုများတွေ့ရှိရမည်ဖြစ်သည်။ (ဓမ္မရာဇဝင် ပဌမစောင် ၁၈၊ ၁၉ )

(၂) **မာနကြီးသော ယောက်ျား** ––– ရုပ်ရည်ချောမော၍ ဥစ္စာ၊ ပညာများနှင့်ပြည့်စုံသော ယောက်ျားများသည်၊ များသောအားဖြင့် မာနကြီးတတ်သည်။ သာမာန်လူတန်းစားများတွင်လဲ အများနှင့် မတူသောထူးခြားသည့် အရည်အချင်းရှိသူများသည်လဲ မာနကြီးတတ်ပါသည်။ အရက်သေစာ၊ မိန်းမ၊ လောင်းကစား ကိစ္စများနှင့်ကင်းသော ယောက်ျားများလဲ မာနကြီးတတ်ပါသည်။ ထိုသို့သော ယောက်ျားများသည် ကောင်းမလိုလိုနှင့် မိမိမာနကြောင့် ခက်နေတတ်ပါသည်။ ဆန့်ကျင်ဘက်လိင်များနှင့် ရင်းရင်းနှီးနှီး စကားမပြောလိုကြပေ။ မည်သူနှင့်မှ ရောရောနှောနှောမနေဘဲ၊ 'ကျွန်တော်က ဒီလိုဘဲ နေတတ်လို့ပါ' ဟု အကြောင်းပြတတ်ပါသည်။ ဘယ်သူတွေ ဘာဖြစ်ဖြစ်၊ ကိုယ်ဘာမှမဖြစ်ဖို့က အဓိကဟူသော မူ ကိုလက်ကိုင်ထားပြီး ပြဿနာများနှင့် ကင်းကင်းနေတတ်သည်။ မိမိ၌ရှိသော ကောင်းကွက်ကို အထင်ကြီးကာ မာနထောင်လွှားတတ်သည်။ သူတပါးအား အထင်သေးတတ်သည်။

*** ထိုသူသည် သမ္မာကျမ်းစာထဲမှ ရှံဆုန် နှင့်တူပါသည်။ ရှံဆုန် သည်၊ သူတပါးထက်သာသော ခွန်အားဗလရှိသူမို့ မာနကြီးခဲ့သည်။ မိမိ ၌ရှိသော ဉာဏ်ပညာဖြင့် ထောင်လွှားခဲ့သည်။ 'ငါ့ရဲ့စကားဝှက်ကို သူတို့သိမှာ မဟုတ်ပါဘူး' ဟု အများတကာအား အထင်သေးခဲ့သောကြောင့် ပြဿနာများနှင့် ရင်ဆိုင်ခဲ့ရသည်။ သူ၏ ပထမ ဇနီး ၏လှည့်ကွက်ကို ခံလိုက်ရသလို သူ အင်မတန် ချစ်သော ရန်သူမိန်းကလေး၏ မာယာကျော့ကွင်းကြောင့် အသက်ဆုံးရှုံးခဲ့ရသည်။ ကျွတ် ကျွတ် သနားစရာပင်၊ မာနကြီးသော ယောက်ျားများ သတိထားပါ။ သင်တို့၏ မာနများကို အချစ်က ရိုက်ချိုးနိုင်စွမ်းရှိပါသည်။ စာတန်သည်၊ ဟောက်သောခြင်္သေ့ ကဲ့သို့ရှိနေသောကြောင့် သတိရှိပါ။ မာန မထားပါနှင့်၊ ဒုက္ခရောက်တတ်သည်။ (တရားသူကြီးမှတ်စာ– ၁၄၊ ၁၅၊ ၁၆ )

(၃) **မိန်းမလို၊မိန်းမရ ယောက်ျား** ––– ထိုသို့သော ယောက်ျားများသည် ပြဿနာကို ဖိတ်ခေါ်တတ်သည်။ သူတပါး ထိခိုက်နစ်နာစေမည့် စကားများကို ပလီပလယ် နှင့် ရေပက်မဝင်အောင် အဓောင်းပြောတတ်သည်။ တခါတရံ မိန်းကလေးများနှင့်တု၍ ရန်ဖြစ်တတ်သေးသည်။ သူတပါးအား ထိရောက်စွာကူညီတတ်သလို ဆိုးညစ်စွာ အကောက်ကြံတတ်ပြန်ပါသည်။ အချစ်ကြီးသလို အမုန်းကလဲမသေးပေ။ တမွန်းတည့်အချစ်နှင့် တွေ့ရတတ်ပါက ရောနှော၍ အခွင့်အရေးကို မရရအောင် ယူတတ်ပါသည်။

*** ထိုသို့သော သူသည် သမ္မာကျမ်းစာထဲမှ အာမနုန် နှင့်တူပါသည်။ နှမ တာမာ ၏ အသွေးအသားကို ရယူလိုသော ဆန္ဒကြောင့် မိန်းမမာယာသုံးကာ အကွက်ဆင်ခဲ့သည်။ သူ့လိုအင်ဆန္ဒ ပြီးပြည့်စုံသွားသောအခါ အကြောက်အကန်ငြင်းဆန်ကာ ခေါင်းရှောင်ခဲ့သည်။ မိန်းမ တစ်ယောက်ကဲ့သို့ သူတပါးအား မှိုချိုး၊ မျှစ်ချိုး ပြောကာ ကောက်ကျစ်စဉ်းလဲ ခဲ့ပြန်ပါသည်။ ထို့ကြောင့် တာမာ ၏အစ်ကို အဗရှလုံက သူ့အားအသေသတ်ခဲ့ပါသည်။ ထိုသူများသည် အင်မတန်ကြောက်ဖို့

ကောင်းပါသည်။ အခုတစ်မျိုး၊ တော်ကြာတစ်မျိုးနှင့် သင့်စိတ်မမှန်မှုကြောင့် ပြဿနာတက် တတ်ပါသည်။ သင်၏ မိန်းမလို၊ မိန်းမရ စိတ်ထားများကြောင့် အဖက်ဖက်တွင် အဆင်မချောမှုများနှင့် ဆုံးရှုံးမှုများကို တွေ့ရမည်ဖြစ်သည်။ ( ဓမ္မရာဇဝင် ဒုတိယစောင် ၁၃ )

(၄) **စိတ်ထားမြင့်မြတ်သော ယောကျ်ား (သို့) ပညာသတိရှိသော ယောကျ်ား** –– 'ရန်ကိုရန်ချင်း၊ မတုံ့နှင်း' နှင့်ဟူသော စကားပုံရှိသော်လဲ၊ ထိုအချက်ကို ယောကျ်ား တော်တော်များများ မလိုက်နာနိုင်ကြောင်း တွေ့ရပါသည်။ 'တို့ကိုလာမကျောနဲ့ မောသွားမယ်' ဟုဆိုကာ မိမိကို ထိပါးလာပါက ရန်တုန့်ပြန်တတ်ကြပါသည်။ မိမိသည် သူများထက်ပို၍ သတ္တိရှိသည်ဟု လူအထင်ခံရရန် မိုက်ရူးရဲ ဆန်ပြကြသည်။ ယခု စာရေးသူ တင်ပြမည့်သူမှာ စိတ်ထားမြင့်မြတ်၍ 'နိုင်လိုသူကို အရှုံးပေး၊ နလုံးအေးတဲ့ဆေး' ဆိုသောစကားအတိုင်း ရန်ကိုငြိမ်းစေတတ်သောသူ၊ အဆိုးအားဖြင့် အရှုံးခံခြင်း မဟုတ်ဘဲ၊ အကောင်းအားဖြင့် အဆိုးကို အနိုင်ယူတတ်သောသူ ဖြစ်သည်။ ထိုသူသည် သူတစ်ပါးက မိမိကိုမည်သို့ပင် အပြစ်တင်ဝေဖန် နေပါလေစေ၊ ခွင့်လွှတ်နိုင်စွမ်းရှိသည်။ ထို့အတူ သူတစ်ပါးကို အပြစ်တင်ဝေဖန်ရန် ဝန်လေးတတ်သောသူ ဖြစ်သည်။ လူလူချင်းတန်ဖိုးထား၍ ယောကျ်ား၊ မိန်းမ၊ သခင်၊ ကျွန်၊ ဆင်းရဲ၊ ချမ်းသာ မခွဲခြားဘဲ မည်သူ့ကိုမဆို လေးစားစွာဆက်ဆံတတ်ပြီး ဘုရားသခင်ကို ဦးထိပ်ထား၍ အလိုတော်ကို ဝန်ခံရန် အသင့်ရှိသည်။ အရာရာကို အကောင်းမြင်ဝါဒနှင့် သုံးသပ်၍ အကောင်း အဆိုးခွဲခြားနိုင်စွမ်းရှိသည်။

**** ထိုသူကို သမ္မာကျမ်းစာထဲမှ ယောသပ် ၏ အသက်တာနှင့် နိုင်းနှိုင်းတင်ပြလိုပါသည်။ ဒုတိယ ဘုရင်ခံ ဟူသည့် သူ၏ ရာထူးကြောင့်ဘဝင်မမြင့်ပါ။ ဥာဏ်ပညာနှင့် ရုပ်ရည်ချောမောမှု အပေါ်တွင်လဲ မာနမထားပါ။ သူ့အားထောင်ကျအောင် လုပ်ဆောင်ခဲ့သော မိန်းမနှင့် သူ့အားရောင်းစားခဲ့သော အစ်ကိုများကိုလဲရန်မူ၍ ဂလဲ့စားချေလိုသောစိတ် လုံးဝမရှိခဲ့ပါ။ အရာရာကို သတိပညာနှင့်သုံးသပ်ခဲ့သည်၊ မှန်သောစကားကိုသာ ပြောခဲ့သည်၊ ရောက်ရာဘဝနှင့် အခြေအနေတိုင်းတွင် ရိုးသားစွာ ကျင့်ကြံနေထိုင်ခဲ့သည်။ 'မြွေကဲ့သို့ လိမ္မာ၍ ချိုးငှက်ကဲ့သို့ အဆိပ်ကင်း' စွာနေထိုင်ခဲ့ခြင်းကြောင့် နောက်ဆုံးတွင် ဘုရားပေးသော ကောင်းကြီးမင်္ဂလာများနှင့် အောင်မြင်မှု သရဖူကို ဆောင်းနိုင်ခဲ့လေသည်။ ( ကမ္ဘာဦး ၃၉ – ၄၆ )

ဤစာမူကိုဖတ်ရှုသော အချင်းယောကျ်ားတို့ စာရေးသူသည် သင်တို့အား စိတ်ထားမြင့်မြတ်၍ ပညာသတိရှိသော ဘုရားသခင်၏သားများ ဖြစ်စေလိုပါသည်။ ဖြစ်နိုင်ကြပါစေ ဟုလဲ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။ ဤစာမူကို ဖတ်ရှုနေသော အချင်းမိန်းမတို့ သင်တို့၏ ခင်ပွန်း၊ ချစ်သူနှင့် ရည်ရွယ်စိတ်ကူးနေသော သင့်အိမ်ထောင်ဖက်များသည် မည်သည့်ယောကျ်ား အမျိုးအစားထဲတွင် ပါဝင်နေပါသနည်း။

စိတ်ထားမြင့်မြတ်၍ ပညာသတိရှိသော ယောကျ်ားကောင်း မဖြစ်ပါက စိတ်မပျက်ပါနှင့် ဆုတောင်းခြင်းသည် အရာရာကိုပြောင်းလဲနိုင်သောကြောင့် ဆုတောင်းပါ။ ရှင်ပေါလု သည် သခင်ယေရှုခရစ်တော် နှင့်တွေ့သောအခါ ပြောင်းလဲသွားသကဲ့သို့ သင်၏ ဘဝကြောင်ဖော် သည်လဲ ပြောင်းလဲနိုင်ပါသည်။ အားလုံးကို လေးစားလျက် –– ခရစ်တော်၏ နာမ၌

*(ဆူးဂုဏ်စိမ်း)* ခေတ္တ– စင်ကာပူ

# ပိစိညှောက်တောက်

တိုက်တွန်းနှိုးဆော်ချက်



ကျွန်မတွင် အလွန်တိကျ၊ ပိရိ၊ သေသပ်ပြီး အသေးအမွှား ကိစ္စလေးများ ကိုပင် အရေးတယူနှင့် ဂရုစိုက်တတ်သော သူငယ်ချင်း တစ်ယောက် ရှိပါသည်။ ကျွန်မကတော့ သူ့ကိုချစ်လွန်း၍ ပိစိညှောက်တောက် ဟုခေါ်တတ်ပါသည်။ သူ့ပုံပြောလျှင် (သို့) ဇာတ်လမ်းတစ်ခုခု ကိုပြန်ပြောပြလျှင် ဘယ်သောအခါမှ ကျန်ခဲ့တာမျိုးနှင့် ကျော်သွားတာမျိုး မဖြစ်ဖူးပါ။ ထိုဇာတ်လမ်း၌ ဘယ်မင်းသမီးက ဘယ်ဝတ်စုံနှင့်ဆိုသော ပိစိညှောက်တောက် ကိစ္စလေးများကိုပင် ပြန်ပြောပြ နိုင်ပါသည်။ ထိုဗီဇကြောင့် အလုပ်လုပ်လျှင်လဲ အင်မတန် ပြည့်စုံလွန်းလွန်းပါသည်။ သူ့ကို ကျွန်မချစ်ပေမဲ့ တခါတရံစိတ်ညစ်မိတာ အမှန်ပင် သူ့အတွက်အင်မတန် အရေးကြီးသော အရာများသည် ကျွန်မအတွက်တော့ ပုရွက်ဆိတ် ပျော်ပွဲစား ထွက်သလို အရေးမပါလှပေ။

သက်သာဆိုင်တွင်ဈေးဝယ်ပြီး၍ ငွေချေသောကောင်တာတွင် တန်းစီ နေစဉ် ကျွန်မရှေ့မှအမျိုးသားတစ်ဦးက သူဝယ်ထားသော ပစ္စည်းအသေးအမွှား လေး များကို စိတ်တိုင်းမကျတော့သဖြင့် 'အသုံးမဝင်တဲ့ ပိစိညှောက်တောက်လေး တွေ' ဟုဆိုကာ မဝယ်တော့ဘဲထွက်သွားပါသည်။ ထိုအခါ ကျွန်မ၏သူငယ်ချင်း မပိစိညှောက်တောက် ကိုသွားသတိရမိ၍ ပြုံးလိုက်မိသဖြင့် ထိုသူကသူ့ကို လှောင်ပြုံးပြုံးသည်ဟုထင်သွားပြီး ကျွန်မကိုဒေါသအကြည့် ပစ်ထည့်လိုက်မှ ကိုယ့်ကိုယ်ကို သတိဝင်လာပြီး ဘရိတ်အုပ်လိုက်ရသည်။ ကျွန်မအမြင်တွင် တခါတရံ ကျွန်မတို့သည် သေးငယ်သောအမှုကိစ္စများအတွက် ဘုရားရှင်ထံ အကူအညီတောင်းရမှာ အားနာနေတတ်ပါသည်။ အထူးသဖြင့် သေးငယ်သော ကိစ္စများကို ဆုတောင်းပြီး ဘုရားသခင်က ထိုသေးငယ်သောကိစ္စများ အပေါ် တိကျသော စစ်ဆေးမှုမျိုးနှင့် စစ်ဆေးပြီး ကျွန်မတို့ကိုကောင်းကြီးပေးသော အခါမျိုးတွင် ပိုဖြစ်တတ်ပါသည်။

ကျွန်မကမူ ထိုကဲ့သို့သော အသေးအမွှားကိစ္စများကို စိတ်မဝင်စားဘဲ အလုပ်ကြီးအကိုင်ကြီး၊ ဈေးကွက်ကောင်းကောင်း၊ အချိန်မြန်မြန်နှင့် လုပ်သော ကိစ္စများကိုသာ စိတ်ဝင်စား လေ့ရှိပါသည်။ ထိုအခါ ကျွန်မ သူငယ်ချင်း မပိစိညှောက်တောက် က ဤသို့ မေးပါသည် 'နင် လေယာဉ်ပျံ စီးရင် မောင်းရုံဘဲ မောင်းတတ်တဲ့ လေယာဉ်မှူးနဲ့စီးမလား၊ ဒါမှမဟုတ်လေယာဉ်ထဲက ပိစိညှောက်တောက် ဝါယာကြိုးလေးတွေရဲ့ အလုပ်လုပ်ပုံက အစ အသေးစိတ်သိပြီး ကျွမ်းကျင်တဲ့ လေယာဉ်မှူး မောင်းတာကို စီးမလား' ဟုမေးဖူးပါသည်။ ကျွန်မကို ခနဲ့ မှန်းသိသော်လဲ ရုတ်တရက် ကျွန်မ ဘာပြန်ပြောရမှန်း မသိပါ။ တခါတရံ သူအရမ်းမှန်သည်ကို ကျွန်မသိပါသည်။

တစ်နေ့ ရှုပါမတ်ကက် တစ်ခုတွင် ဈေးဝယ်ပြီးသွား၍ ငွေချေရန် တန်းစီနေခိုက် လူအရမ်းများနေသည့်အပြင် ငွေကောင်တာမှ အမျိုးသမီးက ဘာမဟုတ်သည့် ပိစိညှောက်တောက် ကိစ္စလေးအတွက် ရှုပါဗိုက်ဆာ ကိုစောင့်ရမည် ဟုဆိုကာငွေလက်ခံမှု ခေတ္တရပ်ဆိုင်းထားလိုက်သဖြင့် ကျွန်မနှင့် အခြားသောဈေးဝယ်သူများမှာ မိမိတို့ဝယ်ထားသော ပစ္စည်းများကိုကိုင်ရင်း ရှုပါဗိုက်ဆာ အလာကိုစိတ်မရှည်စွာဖြင့် စောင့်ဆိုင်းနေကြရသည်။ ကျွန်မငွေချေဖို့ အလှည့်ကျရန် အတော်ကြာကြာ စောင့်ရပေအုံးမည်။ ထိုအခါအမြဲတန်း အလုပ်ကြီး၊ အကိုင်ကြီးကိစ္စများကိုသာ စိတ်ဝင်စားဆုတောင်း တတ်သည်ဟု ကြွေးကြော်လေ့ရှိသော ကျွန်မသည်၊ 'ဘုရားသခင် ကျွန်မမှာ အချိန်သိပ်မရှိလို့ ငွေမြန်မြန်ချေနိုင်ဖို့ မစပါ' ဟု ပိစိညှောက်တောက် ကိစ္စလေးအတွက် ဆုတောင်း မိလျက်သား ဖြစ်သွားပါသည်။

ဘုရားသခင်သည် ကျွန်မတို့တောင်းသော အသေးအမွှား ပိစိညှောက် တောက်လေး ကိုပင်ပေးရန် အချိန်နာရီ၊ ဒေသကို တွက်ချက်နေပါသည်။ သမ္မာကျမ်းစာပါ အဖြစ်အပျက်များအရ ပိစိညှောက်တောက် တန်ဖိုးရှိသော မုတ်ဆိုးမ၏ ဒင်္ဂါးနှစ်ပြားကို ဘုရားရှင်စိတ်ဝင်စားသည်။ ပိစိညှောက်တောက် ပမာဏရှိသော ကလေးငယ်၏ မုန့်ငါးလုံးနှင့် ငါးနှစ်ကောင်ကို ဘုရားရှင် ဂရုစိုက်ပါသည်။ လူများက မလိုအပ်၍ လစဉ်ရှင်းလင်း ညှပ်ထုတ်နေရသော ဆံချည်မျှင် တစ်ပင်ချင်းဆီကို ဘုရားရှင် ရေတွက်ထားပါသည်။ ထို့ကြောင့် ဘုရားသခင်သည် သင့်ဆုတောင်းချက် ပိစိညှောက်တောက်လေးကို တိကျစွာ တန်ဖိုးထားသော အရှင်ဖြစ်သည်၊ ထိုသခင်ကို မေ့မထားသင့်ပါ။။

ခရစ်တော်၌ *(ထူးထူးထိုက်)*

ဆင်းရဲဒုက္ခ နဲ့ နာကျင်ခြင်း ဝေဒနာ တွေဟာ အသက်တာ ရင့်ကျက်ကြီးထွားစေဖို့ ဘုရားသခင် အသုံးပြုတဲ့ ထိရိတာ တန်ဆာပလာတွေ ဖြစ်တယ်။

# ကိုယ်တော်ပြုသည့်အမှုများ ၂

## သက်သေခံချက်



တစ်နေ့တွင် လူငယ်တစ်ဦး ကျွန်မထံဖုန်းဆက်ပါသည်။ 'ဆရာမ ကျွန်တော့်ဇက်ကို ဓားခုတ်ခံရတယ်။ အခုမသေလို့ ဆရာမကို စကားပြောနိုင်တာ' ကျွန်မနားထောင်နေရင်း လန့်သွားသည်။ 'အခု ကျွန်တော်ဆေးခန်းက ပြန်လာပြီး အိပ်ယာထဲက ခေါ်နေတာ၊ အလုပ်မဆင်းနိုင်ဘူး' ကျွန်မ အလွန်စိတ်မကောင်း ဖြစ်မိပါသည်။ ကျွန်မသည် ဤနိုင်ငံတွင် တရားမဝင် နေထိုင်၍ ခိုးကြောင်ခိုးဝှက် လုပ်ကိုင်စားသောက်နေရသော ထိုလူငယ်အား အလုပ်အဆင်ပြေဖို့ ခရစ်တော်ကို ယုံကြည်လက်ခံလာဖို့ အမြဲဆုတောင်းပေးပြီး မကြာခန ဖုန်းဖြင့် မေတ္တာပြနှုတ်ဆက်လေ့ရှိသည်။ သာကြောင်း၊ မာကြောင်း ဂရုတစိုက် မေးလေ့ရှိသောကြောင့် ကျွန်မအား သူကခင်မင်နေသည်။ အခက်အခဲရှိတိုင်းလဲ ဆုတောင်းခိုင်းလေ့ရှိသည်။


ဓားခုတ်ခံရမှုနှင့် ပတ်သက်၍ အကြောင်းစုံကို သိရသည်မှာ အချင်းချင်း မနာလိုမှုကြောင့် နောက်မှဓားနှင့်အလစ်ချောင်းခုတ်ပြီး ထွက်ပြေးသွားကြောင်း၊ နောက်မှခုတ်သည်ကိုသိလိုက်ရ၍ရှောင်လိုက်ရာ ဇက်ကိုမထိဘဲ၊ ချိုင်းကို အခုတ်ခံရကြောင်းသိရပါသည်။ တစ်နေ့လျှင် လုပ်ခ ၄၅ ဒေါ်လာ ရသော်လဲ၊ ယခုဆေးခန်းတွင် ဆေးကုရသောကြောင့် ဒေါ်လာ ၂၀၀ ခန့်ကုန်သွားပြီး နောက်ရက် အလုပ်မဆင်းနိုင်လျှင် နေစရိတ်၊ စားစရိတ် ခက်တော့မည်။ ဖုန်းထဲမှအကြောင်းစုံကိုသိရ၍ ကျွန်မထံ ကြိုးစား၍လာခဲ့ရန် ခေါ်သောအခါ နောက်တစ်နေ့တွင် ဒယီးဒယိုင်ဖြင့် ရောက်လာခဲ့သည်။

ဓားဒဏ်ရာပေါ်တွင် လက်တင်၍ ဆုတောင်းပေးခဲ့သည်။ သက်သာသဖြင့်သုံးရက်ခန့် အနားယူပြီးနောက် လုပ်ရှားသွားလာနိုင်ခဲ့သည်။ ဆေးခန်းသွားပြသောအခါ ဒဏ်ရာမှာ ထင်တာထက်ပို၍ လျင်မြန်စွာ အနာအကျက်မြန်နေသောကြောင့် ဆရာဝန် ကိုယ်တိုင်အံ့သြခဲ့ပြီး ဆေးသောက်ရန် မလိုတော့သဖြင့် စားဆေးမပေးရာ၊ သူကိုယ်တိုင်လဲမယုံကြည်နိုင်အောင် ဖြစ်ခဲ့ရသည်။ ထိုအရာအားဖြင့် အနာကင်းငြိမ်းနိုင်သော ဘုရားသခင်၏ တန်ခိုးတော်ကို မြည်းစမ်းခွင့်ရလာခဲ့သည်။ နောင်တွင်ခါးနာ၍ အလုပ်မဆင်းနိုင်ဘဲ၊ ထိုင်ထ၍ပင် မရသော အခြေအနေမျိုး ကြုံလာသောအခါတွင်လဲ ကျွန်မထံလာ၍ ဆုတောင်းခံခဲ့သည်။ သို့သော်ကျွန်မထံသို့မလာခင် ဆရာဝန်ထံ ဦးစွာဆေးကုသမှု သွားခံယူလိုက်သေးသည်။ ဆရာဝန် မကုနိုင်သောအခါမှသာ ဆုတောင်းခံရန် ရောက်လာခဲ့သည်။ လူ့သဘာဝအရ မျက်မြင်ရသော ဆရာဝန်နှင့် ဆေးဝါးကို ဦးစွာမှီခိုအားကိုး လိုက်သေးသည်။

ယခုတစ်ကြိမ် ကျွန်မထံ ရောက်လာသောအခါတွင် သူ့အား သူတစ်ပါး ပြုစားတိုက်ခိုက် နေကြောင်းသိရ၍ ထိုအနှောက်အယှက် များအား ဘုရားသခင်၏ တန်ခိုးနှင့်ဖြတ်တောက် ရှင်းလင်းပြီးနောက် ဘုရားကျောင်းတက်လာနိုင်သည့်တိုင်အောင် ဖြားယောင်းသွေးဆောင် လာနိုင်ခဲ့ပြီး၊ ခြောက်လအကြာတွင် နှစ်ခြင်းမင်္ဂလာ ခံယူခဲ့သည့် တိုင်အောင် အခြားဘာသာဝင်ဖြစ်သော ထိုလူငယ်၏ ယုံကြည်ခြင်းခိုင်မာလာခဲ့သည်။ ထိုအမှုအရာသည် အရှိန်အဟုန်နှင့် ဆုတောင်းခြင်း၏ တန်ခိုးအာဏာဖြစ်သည်။ ယခုအခါ ထိုလူငယ်၏ ယုံကြည်မှုနှင့် နေထိုင်အသက်ရှင်မှုက သူငှားရမ်းနေထိုင်သည့်အခြားဘာသာဝင် အိမ်ရှင်များကိုပင် ပြောင်းလဲစေသည်အထိ ပုံသက်သေကောင်းပြနိုင်ခဲ့ပါသည်။ အိမ်ရှင်၏ ဇနီးသည် ဝိညာဉ်ရေးရာပြင်းပြစွာဆာငတ်သည့် ယုံကြည်သူတစ်ယောက် ဖြစ်လာခဲ့ပါပြီ။ ထိုအမျိုးသမီးကို သူ၏ခင်ပွန်းက ဘုရားရှိခိုးကျောင်း မတက်ရန် တားဆီး၍ မရသောကြောင့် လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုလိုက်ပါသည်။ သူမနှင့်အတူ ၁၅ နှစ်အရွယ်သားအကြီးသည်လဲ ဘုရားသခင်၏ထူးမြတ်သော ကောင်းကြီးမင်္ဂလာကိုမြည်းစမ်းခွင့်ရလာခဲ့ပါသည်။ ထိုအမှုများသည် ဘုရားရှင်ပြုသော အမှုများ ဖြစ်သောကြောင့် ဘုရားရှင်၏ နာမတော်သာ၍ ဘုန်းကြီးပါစေသော်ဝ်။ ။ အာမင်

**စန်းစန်းမြင့် ( စင်ကာပူ )**

ကာတွန်း
(မီးတောက်)




မြေပြင်ပေါ်မှာ ဝပ်နေရတဲ့
ကြက်မ တစ်ကောင်လို အသက်ရှင်ဖို့
မင်းကို ဇာနဲ့ဆင်းထားတာမဟုတ်ဘူး။
ဝေဟင်မှာ ပျံဝဲတဲ့
လင်းယုန် တစ်ကောင်လို
ရှင်သန်ဖို့
မင်းကို ဇာနဲ့ဆင်းထားတာတွဲ့။

## လူနဲ့ငွေ

ကဗျာရှည်



လူက ငွေကို *နှစ်ခြိုက်* နေချိန်မှာ၊
ငွေက လူကို *ညစ်မိုက်* စေလိမ့်မယ်၊
လူက ငွေကို *လောဘကြီးသွား* နေချိန်မှာ၊
ငွေက လူကို *သောကမီးပွား* စေလိမ့်မယ်။
လူက ငွေကို *ဂရုတစိုက်* ချစ် နေချိန်မှာ၊
ငွေက လူကို *ဒုစရိုက်* ဖြစ် စေလိမ့်မယ်။
လူက ငွေကို *တသသ* မက်မော နေချိန်မှာ၊
ငွေက လူကို *မလှမပ ပျက်လျော* စေလိမ့်မယ်၊
လူကငွေကို *သံယောဇဉ်* တွယ် နေချိန်မှာ၊
ငွေက လူကို *အမှန်သဘောအမြင်* ကွယ် စေလိမ့်မယ်။
လူက ငွေကို *နှိုင်းဆ တွက်ချက်* နေချိန်မှာ၊
ငွေက လူကို *ရိုင်းပျ ရက်စက်* စေလိမ့်မယ်။
လူက ငွေကို *အမြဲလို တမ်းတမ်းစွဲ* နေချိန်မှာ၊
ငွေက လူကို *ဇရဲကို လမ်းလွှဲ* စေလိမ့်မယ်။
လူက ငွေကို *လိုချင်တဲ့ လောဘ* ရှိနေချိန်မှာ၊
ငွေက လူကို *ငြိုငြင်တဲ့ ဒေါသ* ရှိစေလိမ့်မယ်။
လူက ငွေကို *ရူးမိုက် ရှာဖွေ* နေချိန်မှာ၊
ငွေက လူကို *ရူးမိုက် ဖျာပွေ* စေလိမ့်မယ်။
လူက ငွေကို *တမ်းတ စွဲလန်း* နေချိန်မှာ၊
ငွေက လူကို *နွမ်းလျ အသည်းကျွမ်း* စေလိမ့်မယ်။
လူက ငွေကို *ပွေ့ဖက် နမ်းရှုပ်* နေချိန်မှာ၊
ငွေက လူကို *ရွှေ့ပျက် ကြမ်းကြုတ်* စေလိမ့်မယ်။
လူက ငွေကို *ဘုရင်တစ်ပါးလို ကိုးကွယ်* နေချိန်မှာ၊
ငွေက လူကို *အမြင်မှားပြီး ညှိုးငယ်* စေလိမ့်မယ်။
( အဲဒီလို ) လူနဲ့ ငွေနဲ့ သွေးအေးစစ်ပွဲ ဆင်နွှဲ နေချိန်မှာ၊
စာတန် မာရ်နတ် က ဟားတိုက် ရယ်မော နေလိမ့်မယ်။ ။

*( မင်းအောင်သက်လွင် )*

ကျွန်တော်တို့ အတွက်
ကားတိုင်ထက်မှာ ၊ အသက်ပေးပြီး
သွေးတွေ စီးခံခဲ့တာဟာ
အားလုံးအတွက် ဆိုတာ
ကျွန်တော်တို့ အသိပါ သခင်။
ဒါပေမဲ့ -- လူသားတွေ တစ်ချို့
မနှစ်မြို့စရာတွေ ၊ စိတ်စွဲနေကြတယ်၊
ချမ်းသာသူက ၊ ဆင်းရဲသားကို
မကြည်ဖြူသလို၊
ပညာမရှိ ၊ အသိ နတ္ထိ ဆိုပြီး
အတတ်ခြင်း ပြိုင် ၊ မရှုပ်တိုင် တက်လို့
အဆင့်အတန်း ခွဲနေကြတယ်လေ။
မျက်နှာကြီးရာ၊ ဟင်းဖတ်ပါ ဆိုသလို
ပညာတတ် အချို့နဲ့ ၊ လူကုံထံ တို့
ဒီလောကမှာ
နေရာယူကြတာ ၊ ခြယ်လှယ်နေကြတာ
သခင် အသိပါနော်။
တော်ပါသေးတယ် -- သခင်ရယ်
အရောင် ပြိုးပြိုးပြက်ပြက်
နန်းတော်ထက်စံ
သခင် - မွေးဖွား ခံခဲ့ရင်
ဘာမှမရှိ ၊ ပညာ နတ္ထိတွေဟာ
နေစရာ မြေရှာလို့ရမယ် မထင်ဘူး။
ဒီလို အကွဲအပြားနဲ့ ၊ ပိုင်းခြားထားတဲ့
သွေးသားတွေထဲက
တံတိုင်း စိတ္တဇ တွေကို
အားလုံးရဲ့ ရင်ထဲက
သခင်ရယ် -- ရိုက်ချိုးပေးပြီး
ဟိုး - အဝေးကို လွှင့်ပစ်ပေးပါ သခင်။ ။

*မြက်ရိုင်း ( သိုးမဲ )*

ဓမ္မဟာသ



ဆန်းဒေးစကူးလ် ဆရာမ။ ။'သားသား မီးမီးတို့ရေ၊ ဘုရားသခင် ဟာ နေရာတိုင်းမှာ ရှိတယ်ကွဲ့၊ ဒါကြောင့် ဘယ်နေရာရောက်ရောက် မဟုတ်တာ မလုပ်ရဘူး၊ မလိမ်ရဘူး၊ မညာရဘူးနော်။'

ဂျစ်တူး။ ။ 'ဘုရားသခင် နေရာတိုင်းမှာ ရှိတယ်ဆိုတာ မဖြစ်နိုင်ဘူး၊ ဆရာမ'

ဆန်းဒေးမကူးလ် ဆရာမ။ ။ (မျက်လုံးအဝိုင်းသားနဲ့) 'ဟင် - ဘာဖြစ်လို့လဲ။'

ဂျစ်တူး။ ။ 'ဘုရားသခင် နေတဲ့ အိမ်ကို ကျွန်တော် ဒီနေ့မနက်ကဘဲ တွေ့ခဲ့ပြီးပြီ။'

ဆန်းဒေးစကူးလ် ဆရာမ။ ။'ဟုတ်လား၊ ဒါဆို ဘယ်မှာလဲ'

ဂျစ်တူး။ ။ 'ကျွန်တော်တို့ လမ်းထိပ်က ပဲပြုတ်သည် ဒေါ်ဘုမ ရဲ့အိမ်မှာနေတယ်။'

ဆန်းဒေးစကူးလ် ဆရာမ။ ။ 'မင်းဟာက သေချာလုချည်လား'

ဂျစ်တူး။ ။ 'သေချာဆို နားနဲ့ဆတ်ဆတ် ကြားခဲ့ရတာ ဆရာမရဲ့၊ ဒေါ်ဘုမ ကလေ ဆောင့်ကြီး အောင့်ကြီး အသံနဲ့ "ဘုရားရေ    နေဖင်ထိုးတော့မယ်၊    ရှင် ခုထိ မထသေးဘူးလား" တဲ့'။

*(ဝင်းမြင့်ဦး)*

ဘုရားသခင်ထံ ဆုတောင်းခြင်းသည် ဒုက္ခထဲမှ လွတ်မြောက်ရန် တကူးတကန့် တောင်းရုံသက်သက် မဟုတ်ပါ၊ ဘုရားသခင်၏ မျက်နှာကို ရှာခြင်းလဲဖြစ်ပါသည်၊